**ကေအဲန်ယူ- ကရင်အမျိုးသားအစည်းအရုံး**
**ဗဟိုဌာနချုပ်**
**ကော်သူးလေ**
www.knuhq.org

နေ့စွဲ။ ။ ဇန္နဝါရီလ ( ၈ ) ရက်၊ ၂၀၂၁ ခုနှစ်။

## အပစ်အခတ်ရပ်စဲရေးခိုင်မာမှုဆိုင်ရာ လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ကေအဲန်ယူ - ကရင်အမျိုးသားအစည်းအရုံး၏ သတင်းထုတ်ပြန်ကြေညာချက်

၁။ KNU–ကရင်အမျိုးသားအစည်းအရုံးသည် နိုင်ငံရေးပြဿနာကိုနိုင်ငံရေးနည်းဖြင့်ဖြေရှင်းရေးမူကိုကိုင်စွဲကာ ၂၀၁၂ ဇန်နဝါရီလ (၁၂) ရက်တွင် ပဏာမအပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ်၊ ၂၀၁၅ အောက်တိုဘာလ (၁၅) ရက်တွင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာသဘောတူညီချက် (NCA) ကို လက်မှတ်ရေးထိုးကာ သဘောတူညီ ချက်များကို အကောင်အထည်ဖော်နိုင်ရေး တစိုက်မတ်မတ် ကြိုးစားနေပါသည်။

၂။ အထူးသဖြင့် ၂၀၁၂ ခုနှစ် စက်တင်ဘာလ (၃-၄) ရက်၊ ဘားအံမြို့တွင် ပြုလုပ်သော KNU နှင့် ပြည်ထောင်စု ငြိမ်းချမ်း ရေးတွေ့ဆုံဆွေးနွေးရေးအဖွဲ့တို့၏ ဒုတိယအကြိမ်တွေ့ဆုံဆွေးနွေးပွဲ အစည်းအဝေးတွင် **KNU အဆိုပြု ချက်ဖြစ်သည့် "ကြောက်ရွံ့ခြင်းကင်းသည့် ပြည်သူပြည်သားများအဖြစ် ဘဝရပ်တည်ရေးအာမခံရန်"** ဆိုင်ရာကိစ္စ များအား ဆက်လက်ညှိုင်းနိုင်ခြင်းမရှိသည်မှာ ယနေ့အထိဖြစ်ပါသည်။ အကျိုးဆက်မှာ အပစ်အခတ်ရပ်စဲထား သည့် နယ်မြေအတွင်း နေထိုင်သည့် ပြည်သူများဘဝ လုံခြုံရေးတိုးတက်ဖြစ်ပေါ်မှု မရှိခြင်းအပေါ်တွင် **လူထုက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် စိတ်ပျက်ခြင်းနှင့်အတူ ယုံကြည်မှုများ ကျဆင်းလာနေပါသည်။ ယင်းသည် လူထု ဆန္ဒထုတ်ဖော်မှုများ၊ တပ်ဖွဲ့ဝင်များအကြား ပစ်ခတ်တိုက်ခိုက်မှုများ အသွင်ဖြင့် စဉ်ဆက်မပြတ် ပေါ်ပေါက်လာ နေပါသည်။**

၃။ ၂၀၂၀ ခုနှစ်နှောင်းပိုင်းမှ စတင်လျက် KNU ၏ အုပ်ချုပ်ရေးဒေသများဖြစ်သော မူတြော်ခရိုင် (ဖါပွန်) နှင့် ညောင်လေးပင် ခရိုင်များအတွင်းရှိ ပြည်သူလူထုများမှ ၎င်းတို့၏ နေ့တဓူဝဘဝ ကို အနှောင့်အယှက် ဖြစ်စေသည့် တပ်မတော်၏ တပ် စခန်းများရုတ်သိမ်းရေး ဆန္ဒပြတောင်းဆိုမှုများအား KNU က စာနာထောက်ခံပါသည်။ ထို့အပြင် "ကြောက်ရွံ့ခြင်း ကင်းသည့် ပြည်သူပြည်သားများအဖြစ် ဘဝရပ်တည်ရေး" နှင့် အပစ်အခတ်ရပ်စဲ ရေးနှင့်ပတ်သက်ပြီး ယုံကြည်မှုရရှိ သည့် အခြေအနေတည်ဆောက်ရန် KNU အနေဖြင့် ဆက်လက်ကြိုးစား ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၄။ ဤသို့သော အပစ်အခတ်ရပ်စဲရေးလုပ်ငန်းစဉ်အပေါ် ယုံကြည်မှုကျဆင်းလာခြင်း နှင့် လက်နက်ကိုင် ပဋိပက္ခများ ပြင်းပြင်းထန်ထန် တဖန်ပြန်လည်တိုးပွားမသွားရေးအတွက် ပြေလည်နိုင်ရေးနည်းလမ်းသည် NCA ပါပြဋ္ဌာန်းချက် ချက်များကို အခြေခံသည့် နှစ်ဖက်တပ်များအကြား တွေ့ဆုံညှိနှိုင်းအဖြေရှာခြင်းသာလျှင် ဖြစ်သည်ဟု KNU အနေဖြင့် ယုံကြည်ပါသည်။

၅။ KNU သည် NCA အကောင်အထည်ဖော်ဆောင်ရွက်ခြင်းလုပ်ငန်းစဉ်များအား အောင်မြင်စွာလုပ်ကိုင်ဆောင်ရွက် ခြင်းဖြင့် အပစ်အခတ်ရပ်စဲရေးခိုင်မာခြင်း၊ မှန်ကန်ပြီးတရားမျှတသည့် နိုင်ငံရေးဆွေးနွေးညှိနှိုင်းမှုများဖြင့် ရေရှည် တည်တံ့ခိုင်မြဲသည့် နိုင်ငံရေးသဘောတူညီမှုရလဒ်များ ရရှိရေးကို တစိုက်မတ်မတ် ကြိုးစားနေကြောင်း သတင်း ထုတ်ပြန်အပ်ပါသည်။

ဗဟိုအလုပ်မှုဆောင်ကော်မတီ
ကေအဲန်ယူ - ကရင်အမျိုးသားအစည်းအရုံး

ဆက်သွယ်ရန်- (၁) ပဒိုစောကွယ်ထူးဝင်း (+ ၉၅ ၉၄၂ ၂၁၉ ၁၉၄၁) (+၆၆ ၈၁၈ ၀၇၆၂၇၉)
(၂) ပဒိုစောတာဒိုမူး (+ ၉၅ ၉၇၉ ၅၈၈ ၇၀၈၅) (+၆၆ ၆၄၆ ၄၅၉ ၁၁၃)